# ဓမ္မခန္ဓာ (၂၃) ယုံကြည်သူများ

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၇၄။ သုတ်ဒေသနာ– ၁၁၈ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **قَدْ أَفْلَحَ الْمُؤْمِنُونَ۞**<br>ယုံကြည်သူများသည် မုချ အောင်မြင်ပေါက်မြောက်ရမည်ပင်။ |
| ၂။ | **الَّذِينَ هُمْ فِي صَلَاتِهِمْ خَاشِعُونَ۞**<br>သူတို့သည် မေတ္တာဓိဌာန်ပြုခြင်း၌ ရိုကျိုးတုန်လှုပ်မှု ရှိ၏။ |
| ၃။ | **وَالَّذِينَ هُمْ عَنِ اللَّغْوِ مُعْرِضُونَ۞**<br>သူတို့သည် စကားလေစကားလွင့်ကို ကြောခိုင်းကြ၏။ |
| ၄။ | **وَالَّذِينَ هُمْ لِلزَّكَاةِ فَاعِلُونَ۞**<br>သူတို့သည် လှူမှုဖူလုံးကြေးပေးခြင်းကို ကျင့်ဆောင်ကြ၏။ |
| ၅။ | **وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ۞**<br>သူတို့သည် သူတို့၏ အရှက်အင်္ဂါကို စောင့်ထိန်းသည်မှာ– |
| ၆။ | **إِلَّا عَلَى أَزْوَاجِهِمْ أوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ۞**<br>သူတို့၏ ပေါင်းဖေါ်ကြင်ဘက်၊ သို့မဟုတ် သူတို့အား အပြစ်မသင့်စေသော သူတို့၏ သြဇာခံတို့မှ အပ– ဖြစ်၏။ |
| ၇။ | **فَمَنِ ابْتَغَى وَرَاء ذَلِكَ فَأُوْلَئِكَ هُمُ الْعَادُونَ۞**<br>ထိုထက်ကျော်၍ ရှာဖွေသောသူ၊ ထိုသူတို့သည် စည်းပျက်သူများ ဖြစ်၏။ |
| ၈။ | **وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ۞**<br>သူတို့သည် သူတို့အား ယုံကြည်အပ်နှံမှုနှင့် သူတို့၏ ကတိကဝတ်အား တည်စေသူများ ဖြစ်ကြ၏။ |
| ၉။ | **وَالَّذِينَ هُمْ عَلَى صَلَوَاتِهِمْ يُحَافِظُونَ۞**<br>သူတို့သည် မေတ္တာဓိဌာန်ပေါ်၌ စောင့်ထိန်းကြကုန်၏။ |
| ၁၀။ | **أُوْلَئِكَ هُمُ الْوَارِثُونَ۞**<br>သူတို့သည်ကား အမွေစား အမွေခံများပင် ဖြစ်၏။ |
| ၁၁။ | **الَّذِينَ يَرِثُونَ الْفِرْدَوْسَ هُمْ فِيهَا خَالِدُونَ۞**<br>သူတို့အား မြတ်သော ဘုံ၌ အမွေရစေမည်ပင်၊ သူတို့သည် ထို၌ ကာလမဲ့ စံစားရလေလတ္တံ့။ |
| ၁၂။ | **وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ۞** |

| | |
|---|---|
| | မုချပင်၊ ငါသည် လူသားကို မြေ၏ အနှစ်မှ ဖြစ်တည်စေ၏။ |
| ၁၃။ | ثُمَّ جَعَلْنَاهُ نُطْفَةً فِي قَرَارٍ مَّكِينٍ۞<br>တဖန် ၎င်းအား ခိုနားသော နေရာအတွင်းမှ ရေကြည်တစ်ပေါက်အဖြစ် ငါ စီရင်တော်မူ၏။ |
| ၁၄။<br>☆<br>၂၂း၅ | ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظَامًا فَكَسَوْنَا الْعِظَامَ لَحْمًا ثُمَّ أَنشَأْنَاهُ خَلْقًا آخَرَ فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ۞<br>တဖန် ငါသည် ၎င်းကို ရေကြည်ပေါက်မှ သွေးခဲ ဖြစ်တည်စေ၏၊ သွေးခဲမှ အသားတစ် အဖြစ် ငါ ဖြစ်တည်စေ၏၊ ထို အသားတစ်မှ အရိုးအဖြစ် ငါ ဖြစ်တည်စေ၏။ ထိုအရိုးအား အသားအရေဖြင့် ငါ ခြုံပေး၏။ တဖန် ၎င်းအား ကြီးဖွံ့စေ၍ အခြားသော ဖြစ်တည်ခြင်းကို ဖြစ်စေ၏။ သို့ ပရမတ်ဘုရားရှင်သည် ကျက်သရေအဖြာဖြာနှင့် ပြည့်စုံ၏။ အကောင်းဆုံး ဖြစ်တည်ပေးသည့် အရှင် ဖြစ်၏။☆ |
| ၁၅။ | ثُمَّ إِنَّكُمْ بَعْدَ ذَلِكَ لَمَيِّتُونَ۞<br>တဖန်၊ ဤ– နောက်ပိုင်းတွင် သင်တို့အတွက် ကေန်ပင် သေခြင်းတရားသည် ရှိနေ၏။ |
| ၁၆။ | ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ تُبْعَثُونَ۞<br>တဖန် ရပ်တည်မြဲမြံရမည့်နေ့ကာလ၌ သူတို့အား နိုးထစေမည်ပင်။ |
| ၁၇။ | وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ وَمَا كُنَّا عَنِ الْخَلْقِ غَافِلِينَ۞<br>မုချပင် ငါသည် သင်တို့၏ အထက်၌ လမ်းကြောင်း ခုနစ်ဆက်ကို ဖြစ်တည်ပေးတော်မူ၏။ ဖြစ်တည်ပေးခြင်းတိုင်း၌ ငါသည် ပေ့ါပေ့ါလျော့လျော့ မရှိချေ။[၇၃၉] |
| ၁၈။ | وَأَنزَلْنَا مِنَ السَّمَاء مَاء بِقَدَرٍ فَأَسْكَنَّاهُ فِي الْأَرْضِ وَإِنَّا عَلَى ذَهَابٍ بِهِ لَقَادِرُونَ۞<br>ငါသည် ကောင်းကင်ယံမှ မိုးရေကို စည်းချိန်အားဖြင့် သွန်းချစေ၏။ ထို့နောက် ၎င်းကို မြေ၌ အခြေတည်စေ၏။ ကေန်ပင် ငါသည် ၎င်းကို သုတ်ယူရန် စည်းချိန်ချနိုင်၏။ |
| ၁၉။ | فَأَنشَأْنَا لَكُم بِهِ جَنَّاتٍ مِّن نَّخِيلٍ وَأَعْنَابٍ لَّكُمْ فِيهَا فَوَاكِهُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ۞<br>ငါသည် သင်တို့အတွက် ၎င်းအားဖြင့် စွံပလွန် စပျစ် ဥယျာဉ်များကို ပေါက်ရောက်စေ၏။ ထိုမှ သင်တို့အတို့ သစ်သီးဝလံ များစွာကို ဖြစ်စေ၍၊ သင်တို့စားသုံးနိုင်ရန် ဖြစ်၏။ |
| ၂၀။ | وَشَجَرَةً تَخْرُجُ مِن طُورِ سَيْنَاء تَنبُتُ بِالدُّهْنِ وَصِبْغٍ لِّلْآكِلِينَ۞<br>ငါသည် သိနတောင်မှ ဇောခိတစ်ပင်ကို ပေါက်စေ၏။ မှီဝဲသူတို့ အတို့ရာ ၎င်းမှ ဆီနှင့် ရသရမ္မက်ကို ထုတ်ပေး၏။ |
| ၂၁။ | وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً نُّسْقِيكُم مِّمَّا فِي بُطُونِهَا وَلَكُمْ فِيهَا مَنَافِعُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ۞<br>ခွဲကွဲစားမြုံ့ပြန် တိရိစ္ဆာန်များ၌ သင်တို့အတွက် သင်္ခန်းစာ တစ်ရပ်ရှိသည်မှာ သင်တို့ သောက်သုံးဘို့ရာ သူတို့၏ ကိုယ်တွင်းမှ နို့ရည်ကို ပေး၏။ ထို၌ သင်တို့အတွက် အကျိုးကျေးဇူးများစွာ ရှိနေ၏။ ထိုမှ စားသုံးရန်လည်း ရ၏။ |
| ၂၂။ | وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ۞<br>သူတို့အပေါ်၌၊ ရေယာဉ်များပေါ်၌၊ သင်တို့ ဝန်တင်နိုင်ကြ၏။ |

(၇၃၉) ဤသုတ်တော်သည် ကျွန်ုပ်၏တို့၏ ကမ္ဘာဂြိုလ်အပြင် အခြားသော ဂြိုလ်များ ရှိနေကြောင်းကို အတိအကျဖေါ်ပြထားပေသည်။ ထိုဂြိုလ်များသည်လည်း သူတို့၏ ဂြိုလ်ပတ်လမ်းကြောင်းတွင် သွားလာနေရပေသည်။ ခုနစ်ဆက် ဆိုသည့် အဓိပ္ပါယ်ကို ၂း၂၉၏ အောက်ခြေတွင် ကြည့်ပါ။ ဤဖေါ်ပြချက်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် ဖြစ်ပေသည်။

| | |
|---|---|
| ၂၃။ | وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ۞<br>မုချပင် ငါသည် နူးဟ်အား သူ့လူမျိုးထံသို့ စေစားလျှက် “အို ကျွန်ုပ်၏ လူမျိုးတို့ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အဘို့ အရှင်မှ အပ အခြားဘုရားဟူ၍ မရှိပြီ၊ သင်တို့ စည်းစောင့်ကြမည် မဟုတ်လော၊”ဟု ဟောစေ၏။ |
| ၂၄။ | فَقَالَ الْمَلَأُ الَّذِينَ كَفَرُوا مِن قَوْمِهِ مَا هَٰذَا إِلَّا بَشَرٌ مِّثْلُكُمْ يُرِيدُ أَن يَتَفَضَّلَ عَلَيْكُمْ وَلَوْ شَاءَ اللَّهُ لَأَنزَلَ مَلَائِكَةً مَّا سَمِعْنَا بِهَٰذَا فِي آبَائِنَا الْأَوَّلِينَ۞<br>သူ့လူမျိုးထဲမှ အကြံပေး ဖုံးကွယ်သူများက  ပြောကြသည်မှာ “ဤသူသည် သင်တို့ကဲ့သို့ လူသားသာလျှင် ဖြစ်ချေ၏။ သူသည် သင်တို့ အပေါ်၌ အဖြေပေးနိုင်သူ ဖြစ်လို၏။ အကယ်၍ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင် အရှင်သည် နိမိတ်ဆောင်တစ်ပါးကို စေစားနိုင်၏။ ကျွန်ုပ်တို့သည် ရှေးယခင် မိဘစဉ်ဆက် ဤသို့ မကြားနာခဲ့ဘူးချေ– |
| ၂၅။ | إِنْ هُوَ إِلَّا رَجُلٌ بِهِ جِنَّةٌ فَتَرَبَّصُوا بِهِ حَتَّىٰ حِينٍ۞<br>ကေန်၊ ထိုသူသည် ရူးသွပ်မှုစွဲကပ်နေသူသာ ဖြစ်၏၊ သူ့အား အချိန်ပေး စောင့်ကြည့်ကြလော့၊”ဟု ဖြစ်၏။ |
| ၂၆။ | قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ۞<br>သူက “အို ကံကြမ္မာရှင်၊ သူတို့၏ ငြင်းဆန်မှုမှ တပည့်တော်အား ကူညီတော်မူပါ၊”ဟု ဆုပန်၏။ |
| ၂၇။<br><br>☆<br>၁၁း၄၀ | فَأَوْحَيْنَا إِلَيْهِ أَنِ اصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا فَإِذَا جَاءَ أَمْرُنَا وَفَارَ التَّنُّورُ فَاسْلُكْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلَّا مَن سَبَقَ عَلَيْهِ الْقَوْلُ مِنْهُمْ وَلَا تُخَاطِبْنِي فِي الَّذِينَ ظَلَمُوا إِنَّهُم مُّغْرَقُونَ۞<br>ငါက သူ့အား အာရုံစျာန် ကိန်းဝပ်စေသည်မှာ “ငါ့ မျက်မှောက်တော်၌ ငါ အာရုံကိန်းဝပ်ပေးသည့် အတိုင်း ရေယာဉ်ကို တည်ဆောက်လော့၊ ငါ၏ စီမံချက် ရောက်လာ၍ တောင်ကြားမှ ရေများ ပန်းထွက်လာသည့်တိုင်၊ **ထို**အပေါ်၌ အစုဖွဲ့ နှစ်ခု စီမှနှင့် ငါ ကြိုတင်သတ်မှတ် ပြောပြီးသူမှ အပ သင့်ဝိုင်းတော်သားများကို နေရာချလော့၊ အမိုက်ကောင်များ အတွက် မတင်လျှောက်လေနှင့်၊ သူတို့အား ရေဖုံးစေမည် ဖြစ်၏။☆ |
| ၂၈။ | فَإِذَا اسْتَوَيْتَ أَنتَ وَمَن مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلَّهِ الَّذِي نَجَّانَا مِنَ الْقَوْمِ الظَّالِمِينَ۞<br>သို့ဖြင့် သင့်အား တည်တည်ငြိမ်ငြိမ် ဖြစ်စေသောအခါ၊ သင်၊ သင်နှင့်အတူ ရေယာဉ်ပေါ်၌ ပါလာသူတို့အား “ရည်သန် စူးစိုက်မှုအပေါင်းသည် တပည့်တော်တို့အား အမိုက်ကောင်များမှ ကယ်နုတ်လာသည့် ပရမတ်ဘုရားရှင် အတွက်သာ ဖြစ်၏၊”ဟု ရင့်ကျူးစေလော့။ |
| ၂၉။ | وَقُل رَّبِّ أَنزِلْنِي مُنزَلًا مُّبَارَكًا وَأَنتَ خَيْرُ الْمُنزِلِينَ۞<br>“အို ကံကြမ္မာရှင် တပည့်တော်အား ကျက်သရေရှိသော ဆိုက်ရောက်မြေ၌ ဆိုက်ရောက်စေတော်မူပါ၊ အရှင်သည် အကောင်းမြတ်ဆုံး ဆိုက်ရောက်စေသော အရှင်ဖြစ်ပါ၏၊”ဟု ဆုတောင်းလော့။ |
| ၃၀။ | إِنَّ فِي ذَٰلِكَ لَآيَاتٍ وَإِن كُنَّا لَمُبْتَلِينَ۞<br>ကေန်ပင် ဤ၌ နိမိတ်လက္ခဏာ တစ်ရပ်ရှိနေ၏။ ကေန်ပင် ငါသည် စုံစမ်းစစ်ဆေးနေတော်မူ၏။ |
| ၃၁။ | ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ۞<br>တဖန်၊ သူတို့၏နောက်၌ ငါသည် နောက် မျိုးဆက်ကို ပေါ်ထွန်းစေတော်မူ၏။ |
| ၃၂။ | فَأَرْسَلْنَا فِيهِمْ رَسُولًا مِّنْهُمْ أَنِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ أَفَلَا تَتَّقُونَ۞<br>ငါသည် သူတို့ထဲမှပင် သူတို့အတွက် ဥဂ္ဂဏ်စဉ်ဆောင်ကို စေစားတော်မူ၍၊ “ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ |

| | |
|---|---|
| | သင်တို့အတွက် အရှင်မှ အပ အခြားဘုရားဟူ၍ မရှိ၊ သင်တို့ စည်းစောင့်ကြမည် မဟုတ်လော၊''ဟု ဟောစေ၏။ |
| ၃၃။ | وَقَالَ الْمَلأُ مِن قَوْمِهِ الَّذِينَ كَفَرُوا وَكَذَّبُوا بِلِقَاء الْآخِرَةِ وَأَتْرَفْنَاهُمْ فِي الْحَيَاةِ الدُّنْيَا مَا هَذَا إِلَّا بَشَرٌ مِّثْلُكُمْ يَأْكُلُ مِمَّا تَأْكُلُونَ مِنْهُ وَيَشْرَبُ مِمَّا تَشْرَبُونَ ۝<br>သူ့လူမျိုးမှ ငါအရှင်က လောကီဘဝ၌ မြှောက်စားပေးထားသော အကြံပေးများက ဖုံးကွယ်၊ ငြင်းဆန်ကြလျက်၊ ပြောကြသည်မှာ–''ဤသူသည် သင်တို့ကဲ့သို့ လူသားမျှသာ ဖြစ်၏၊ သင်တို့စားသုံးသည်ကို သူစားသုံး၏၊ သင်တို့ သောက်သကဲ့သို့ သူသောက်၏၊– |
| ၃၄။ | وَلَئِنْ أَطَعْتُم بَشَرًا مِّثْلَكُمْ إِنَّكُمْ إِذًا لَّخَاسِرُونَ ۝<br>သင်တို့ကဲ့သို့သော လူသားအား သင်တို့ နာခံကြလျှင်၊ သင်တို့သည်  ဆုံးရှုံးရသူများသာ ဖြစ်မည်တည်း။ |
| ၃၅။ | أَيَعِدُكُمْ أَ نَّكُمْ إِذَا مِتُّمْ وَكُنتُمْ تُرَابًا وَعِظَامًا أَنَّكُم مُّخْرَجُونَ ۝<br>ထိုသူက သင်တို့သည် သေ၍ မြေမှုန့်ဖြစ်ပြီး၊ အရိုးဖြစ်ပြီးနောက် သင်တို့အား ပြန်လည် ထုတ်ယူခြင်းခံရမည် ဟု ကတိပေးသလော၊ |
| ၃၆။ | هَيْهَاتَ هَيْهَاتَ لِمَا تُوعَدُونَ ۝<br>ဝေးလေစွ၊ သူ့ ကတိမှာ ဖြစ်နိုင်ရန် ဝေးလေစွ၊ |
| ၃၇။ | إِنْ هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا نَحْنُ بِمَبْعُوثِينَ ۝<br>ကေန်ပင် ကျွန်ုပ်တို့သည် ဤလောကီ၌ ရှင်ရမည်သာ ဖြစ်၏။ ကျွန်ုပ်တို့သည် သေရမည်၊ ရှင်ရမည်သာ ရှိ၏၊ ကျွန်ုပ်တို့သည် ရှင်ပြန်နိုးထရမည် မဟုတ်ချေ။– |
| ၃၈။ | إِنْ هُوَ إِلَّا رَجُلٌ افْتَرَى عَلَى اللَّهِ كَذِبًا وَمَا نَحْنُ لَهُ بِمُؤْمِنِينَ ۝<br>သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လီဆယ် မှုသားဖန်တီးသူသာ ဖြစ်၏။ ကျွန်ုပ်တို့သည် သူ့အား မယုံကြည်နိုင်ပေ၊''ဟု ဖြစ်၏။ |
| ၃၉။ | قَالَ رَبِّ انصُرْنِي بِمَا كَذَّبُونِ ۝<br>သူက ''အို ကံကြမ္မာရှင်၊ သူတို့ ငြင်းဆန်မှုပေါ်၌ တပည့်တော်အား ကူညီတော်မူပါ''ဟု ဆုတောင်းသော်။ |
| ၄၀။ | قَالَ عَمَّا قَلِيلٍ لَّيُصْبِحُنَّ نَادِمِينَ ۝<br>အရှင်က ''ခဏတာမျှသာ—ထို့နောက် သူတို့သည် သံဝေဂ ရရလတ္တံ့၊''ဟု မိန့်ဆို၏။ |
| ၄၁။ | فَأَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ فَجَعَلْنَاهُمْ غُثَاء فَبُعْدًا لِّلْقَوْمِ الظَّالِمِينَ ۝<br>အသံလှိုင်းကြီးသည် သူတို့အား အမှန်အကန် သုတ်ငင်၏၊ သူတို့အား အမှိုက်သရိုက် အဖြစ် စီမံလိုက်၏၊ သို့ဖြင့် အဝိဇ္ဇာစီးသော လူမျိုးအား လွင့်ပစ်လိုက်၏။ |
| ၄၂။ | ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قُرُونًا آخَرِينَ ۝<br>တဖန်၊ သူတို့၏နောက် နောက် မျိုးဆက်သစ်ကို ထွန်းပေါ်စေ၏။ |
| ၄၃။ | مَا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ ۝<br>မည်သည့် အသိုင်းအဝိုင်းသည်မှ သတ်မှတ်ချိန်အား ရှေ့တိုး၍မရ၊ နောက်ဆုတ်၍လည်း မရချေ။ |
| ၄၄။ | ثُمَّ أَرْسَلْنَا رُسُلَنَا تَتْرَا كُلَّ مَا جَاء أُمَّةً رَّسُولُهَا كَذَّبُوهُ فَأَتْبَعْنَا بَعْضَهُم بَعْضًا وَجَعَلْنَاهُمْ أَحَادِيثَ فَبُعْدًا لِّقَوْمٍ |

| | |
|---|---|
| | **لَّا يُؤْمِنُونَ** ۞<br>တဖန် ငါသည် ဉာဏ်စဉ်ဆောင်များကို ဆင့်ကာ စေစားတော်မူ၏။ အသိုင်းအဝိုင်း ကိုယ်စီထံသို့ ဉာဏ်စဉ်ဆောင် တစ်ပါး ပေးရောက်စေလျှင်၊ သူ့အား ငြင်းဆန်ကြ၏။ သို့ဖြစ်၍ ငါသည် သူတို့ကို အချင်းချင်း လိုက်ပါစေ၍၊ သူတို့အတွက် သမိုင်းကြောင်းကို စီမံတော်မူ၏။ ယုံကြည်ခြင်း မရှိသော လူမျိုးအား လွှင့်ပစ်တော်မူ၏။ |
| ၄၅။ | **ثُمَّ أَرْسَلْنَا مُوسَى وَأَخَاهُ هَارُونَ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ** ۞<br>တဖန် မူဆာနှင့် သူ့အစ်ကို ဟာရွန်အား ငါ၏ သုတ်ဒေသနာများ၊ ရှင်းလင်းသော လုပ်ပိုင်ခွင့်များဖြင့် စေစားသည်မှာ– |
| ၄၆။ | **إِلَى فِرْعَوْنَ وَمَلَئِهِ فَاسْتَكْبَرُوا وَكَانُوا قَوْمًا عَالِينَ** ۞<br>ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ဖြစ်၏။ သူတို့သည် မောက်မာကြ၏၊ ဖိနှိပ်သော လူမျိုးဖြစ်၏။ |
| ၄၇။ | **فَقَالُوا أَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَقَوْمُهُمَا لَنَا عَابِدُونَ** ۞<br>သို့ဖြင့် သူတို့က "ကျွန်ုပ်တို့ ကဲ့သို့ လူသားစင်စစ်နှစ်ဦးကို ယုံကြည်ရမည်လော၊ သူတို့၏ လူမျိုးမှာ ကျွန်ုပ်တို့၏ အခိုင်းအစေများဖြစ်၏၊"ဟု ဆိုကြ၍၊ |
| ၄၈။ | **فَكَذَّبُوهُمَا فَكَانُوا مِنَ الْمُهْلَكِينَ** ۞<br>သူတို့နှစ်ဦးအား ငြင်းဆန်ကြသောကြောင့်၊ တိမ်ကောပျက်စီးရသူတို့မှ ဖြစ်သွားရတော့၏။ |
| ၄၉။ | **وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ لَعَلَّهُمْ يَهْتَدُونَ** ۞<br>မုချ၊ ငါသည် သူတို့အတွက် လမ်းညွှန်ရအံ့ငှာ မူဆာအား ကျမ်းတော်ကို ချီးမြှင့်ခဲ့၏။ |
| ၅၀။ | **وَجَعَلْنَا ابْنَ مَرْيَمَ وَأُمَّهُ آيَةً وَآوَيْنَاهُمَا إِلَى رَبْوَةٍ ذَاتِ قَرَارٍ وَمَعِينٍ** ۞<br>ငါသည် မာရိ၏သားနှင့် သူ့မိခင်အား နိမိတ်လက္ခဏာ အဖြစ် စီမံတော်မူ၏၊ ငါသည် သူတို့အား နုံးမြေနှင့် စမ်းသွယ်များရှိရာ ကုန်းမြင့်သာ၌ နားခိုစေ၏။ |
| ၅၁။ | **يَا أَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبَاتِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ عَلِيمٌ** ۞<br>အို ဉာဏ်စဉ်တော်ဆောင်၊ သန့်စင်ရာများမှ စားသုံးလော့၊ ပြုပြင်ပြောင်းလဲမှုကို ကျင့်လော့၊ ငါအရှင်သည် ကျင့်ကြံလေသမျှကို သိနေတော်မူ၏။ |
| ၅၂။ | **وَإِنَّ هَذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ** ۞<br>ကေန်ပင်၊ ဤ သင့် အသိုင်းအဝိုင်းသည် တစ်ခုတည်းသော အသိုင်းအဝိုင်း ဖြစ်၏။ ငါသည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ သို့ဖြစ်၍ ငါ့ကိုသာလျှင် ကိုးကွယ်ကြကုန်လော့။ |
| ၅၃။<br>☆<br>၁၇:၅၅ | **فَتَقَطَّعُوا أَمْرَهُم بَيْنَهُمْ زُبُرًا كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ** ۞<br>သို့သော် သူတို့၏ အရေးအရာများကို ကဏ္ဍခွဲကျမ်းအဖြစ်☆ သူတို့ ဖြတ်တောက်၍၊ အသင်းတိုင်းသည် သူတို့၌ ရှိရာဖြင့် ကြည်နူးနေကြ၏။ |
| ၅၄။ | **فَذَرْهُمْ فِي غَمْرَتِهِمْ حَتَّى حِينٍ** ۞<br>သို့ဖြစ်၍ သူတို့၏ ရှုပ်ထွေးမှိုင်းမိခြင်း၌ ကာလတစ်ခု ပစ်ထားလော့။ |
| ၅၅။ | **أَيَحْسَبُونَ أَنَّمَا نُمِدُّهُم بِهِ مِن مَّالٍ وَبَنِينَ** ۞<br>သူတို့ ထင်နေကြသလော– သူတို့အား တိုးပွားစေသည့် ဥစ္စာပစ္စည်း သားသမီးများဖြင့် |

| | |
|---|---|
| ၅၆။ | نُسَارِعُ لَهُمْ فِي الْخَيْرَاتِ بَل لَّا يَشْعُرُونَ۞<br>သူတို့၏ ကောင်းကျိုးကို အစောတလျှင် ငါ ဆောင်ရွက်မည်ဟု။ အမှန်မှာ သူတို့ သတိမမူနိုင်ကြချေ။ |
| ၅၇။ | إِنَّ الَّذِينَ هُم مِّنْ خَشْيَةِ رَبِّهِم مُّشْفِقُونَ۞<br>ကေန်ပင် သူတို့၏ ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုး တုန်လှုပ်သော သူများ၊ |
| ၅၈။ | وَالَّذِينَ هُم بِآيَاتِ رَبِّهِمْ يُؤْمِنُونَ۞<br>သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို ယုံကြည်သော သူများ၊ |
| ၅၉။ | وَالَّذِينَ هُم بِرَبِّهِمْ لَا يُشْرِكُونَ۞<br>သူတို့၏ ကံကြမ္မာရှင်အား ရောပြွန်းကိုးကွယ်ခြင်း မပြုသူများ၊ |
| ၆၀။ | وَالَّذِينَ يُؤْتُونَ مَا آتَوا وَّقُلُوبُهُمْ وَجِلَةٌ أَنَّهُمْ إِلَى رَبِّهِمْ رَاجِعُونَ۞<br>သူတို့၏ ကံကြမ္မာရှင်ထံသို့ ဦးလှည့်ပြန်ရမည့်အတွက် နှလုံးသည်းပွတ် တုန်လှုပ်လျှက်၊ သူတို့အား ပေးထားသည်မှ ပေးဝေဒါန ပြုသူများ၊ |
| ၆၁။ | أُوْلَئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ۞<br>ထိုသူများသည် ကောင်းမှု၌ ပြိုင်ဆိုင်ကြလျှက်၊ သူတို့သည် ရေချိန်ပြည့်သူတို့ ဖြစ်၏။ |
| ၆၂။ | وَلَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا وَلَدَيْنَا كِتَابٌ يَنطِقُ بِالْحَقِّ وَهُمْ لَا يُظْلَمُونَ۞<br>ငါက မနိုင်ဝန်ကို ဖြည့်ပေးသော ဉာဉ်ဟူ၍ မရှိ၊ ငါ့ထံတော်၌ သစ္စာတရားကို ဖွင့်ဆိုသော ကျမ်းတော် ရှိ၏။ သူတို့အား အဝိဇ္ဇာသင့်စေခြင်း မရှိချေ။ |
| ၆၃။<br>ကျမ်း<br>တော် | بَلْ قُلُوبُهُمْ فِي غَمْرَةٍ مِّنْ هَذَا وَلَهُمْ أَعْمَالٌ مِن دُونِ ذَلِكَ هُمْ لَهَا عَامِلُونَ۞<br>အမှန်မှာ သူတို့၏ နှလုံးသားသည် **ဤ**မှဝေးရန် ရှုပ်ထွေးမှိုင်းမိနေကြ၏။ သူတို့၏ ကျင့်ကြံမှုသည် ထိုအရာကို ပြိုင်လျှက် သူတို့ ကျင့်ကြံအားထုတ်နေကြသည်မှာ– |
| ၆၄။ | حَتَّى إِذَا أَخَذْنَا مُتْرَفِيهِم بِالْعَذَابِ إِذَا هُمْ يَجْأَرُونَ۞<br>သာယာမှု၌ ဖက်တွယ်နေသူတို့အား ဝဋ်ကြွေးဒဏ်ဖြင့် သိမ်းယူသည့်တိုင် ဖြစ်၏။ ထိုအခါတွင်မှ သူတို့ အသနားခံကြ၏။ |
| ၆၅။ | لَا تَجْأَرُوا الْيَوْمَ إِنَّكُم مِّنَّا لَا تُنصَرُونَ۞<br>ဤနေ့ကာလတွင်မှ အသနားမခံကြလင့်၊ ငါ့ထံတွင် အကူအညီ မရှိချေ။[၇၄၀] |
| ၆၆။ | قَدْ كَانَتْ آيَاتِي تُتْلَى عَلَيْكُمْ فَكُنتُمْ عَلَى أَعْقَابِكُمْ تَنكِصُونَ۞<br>ငါ၏ သုတ်ဒေသနာများကို သင်တို့အား ရွတ်ပြပေးပြီ၊ သို့သော် သင်တို့သည် ဖနောင့်ဘက်သို့ လှည့်ပြန်ထွက်ပြေး |

---

(၇၄၀) ပရမတ်ဘုရားရှင်သည် လောကနိယာမအား ပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။ မီးကိုကိုင်လျှင် ပူမည်၊ ရေခဲကို ကိုင်လျှင် တုန်ခဲအောင် အေးမည် ဟူသည့် နိယာမအတိုင်းပင်။ ထိုသို့ မထိမကိုင်ရစေရန် သတိပေးကျမ်းတော် နိယာမ ဖေါ်ပြချက်များဖြင့် လူသားအပေါင်းအား သတိပေးထားပြီး ဖြစ်ပေသည်။ မီးကို မကိုင်ပါနှင့်ဟု တားနေလျှက်၊ ဇွတ်မှိတ်၍ ကိုင်သောသူ၏ ခံရသော အပူဒါဏ်ကို ပြန်ရုတ်သိမ်းသော နိယာမမှာ ကာလဖြင့် ဖြစ်သည်၊ ထိုသူသည် မိမိ၏ မိုက်ပြစ်အတွက် အလျှင်ခံရမည်ပင်။ အရှင်သည် မိမိ၏ ပြဋ္ဌာန်းချက်များကို ကမောက်ကမ ပြောင်းလဲခြင်း မရှိချေ၊ (၃၀း၃၀) ထို့အတွက် အရှင့်အား ကရုဏာရှင် မဟုတ်ဟု မစွပ်စွဲအပ်ပေ။ လောကနိယာမများကို သေချာစွာ လေ့လာသင့်ပေသည်။ ပြဋ္ဌာန်းထားသော နိယာမများကို ပရမ်းပတာ ပြောင်းလဲခြင်း မရှိဘဲ၊ ထိုနိယာမများ ရှိကြောင်းကို ဖေါ်ပြပေးသော အရှင်သာလျှင် ဖြစ်ပေသည်။ အပြစ်ကောင်ဘက်မှကြည့်လျှင် သူ့ဒေါသနှင့်သူ အပြစ်တင်နိုင်သော်လည်း လောက တစ်ခုလုံးအတွက် သတ်မှတ်ထားသော နိယာမကို တစ်ဦးတစ်ယောက်အတွက် ပြောင်းလဲပေးခြင်း မရှိဆိုသော အရှင်သည် လောကတစ်ခုလုံးအတွက် ကြီးမားသော ကရုဏာရှင်သာလျှင် ဖြစ်ပေသည်။

| | |
|---|---|
| | လေ့ရှိကြ၏။ |
| ၆၇။ ကျမ်းတော် | مُسْتَكْبِرِينَ بِهِ سَامِرًا تَهْجُرُونَ۞<br>မောက်မာမာန်တက်နေကြ၏၊ **၎င်း**အား မဟုတ်မဟတ်ပြောလျှက် အမှောင်ကိုဖြတ်သန်းနေကြ၏။[၇၆၁] |
| ၆၈။ | أَفَلَمْ يَدَّبَّرُوا الْقَوْلَ أَمْ جَاءهُم مَّا لَمْ يَأْتِ آبَاءهُمُ الْأَوَّلِينَ۞<br>ဓမ္မတော်အား စီစစ်သုံးသပ်ကြပြီလော၊ သို့မဟုတ် ရှေးယခင်က သူတို့၏ မိဘဘိုးဘွားတို့အား မပေးအပ်ခဲ့သည်ကို သူတို့ထံသို့ ရောက်စေသလော။ |
| ၆၉။ | أَمْ لَمْ يَعْرِفُوا رَسُولَهُمْ فَهُمْ لَهُ مُنكِرُونَ۞<br>သို့မဟုတ် သူတို့၏ ဉာဏ်စဉ်ဆောင်အား မသိမှတ်ကြသလော၊ သို့ဖြစ်၍ သူ့အား အငြင်းသန်နေကြသလော။ |
| ၇၀။ | أَمْ يَقُولُونَ بِهِ جِنَّةٌ بَلْ جَاءهُم بِالْحَقِّ وَأَكْثَرُهُمْ لِلْحَقِّ كَارِهُونَ۞<br>သို့မဟုတ် သူ့အား ရူးသွပ်နေသူဟု ဆိုကြသလော၊ အမှန်မှာ သူတို့ထံသို့ သစ္စာတရားဖြင့် ရောက်လာသူ ဖြစ်၏။ သူတို့မှ အများစုကြီးသည် သစ္စာတရားကို မုန်းတီးရွံရှာကြ၏။ |
| ၇၁။ | وَلَوِ اتَّبَعَ الْحَقُّ أَهْوَاءهُمْ لَفَسَدَتِ السَّمَاوَاتُ وَالْأَرْضُ وَمَن فِيهِنَّ بَلْ أَتَيْنَاهُم بِذِكْرِهِمْ فَهُمْ عَن ذِكْرِهِم مُّعْرِضُونَ۞<br>အကယ်၍သာ သစ္စာတရားတော်သည် သူတို့၏ အလိုရမ္မက်ကို လိုက်နာလျှင်၊ မိုးများ၊ မြေနှင့် ထိုအကြားရှိ အရာများသည် ညက်ညက်ကျေပြီး ဖြစ်လတ္တံ့၊ အမှန်မှာ ငါသည် သူတို့အား သတိပေးတရားကို ပေးအပ်ခဲ့ပြီ၊ သို့ဖြင့် သူတို့သည် ထိုသတိပေးတရားတော်အား နောက်လှည့်သွားကြကုန်၏။ |
| ၇၂။ | أَمْ تَسْأَلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ وَهُوَ خَيْرُ الرَّازِقِينَ۞<br>သို့မဟုတ် သင်သည် သူတို့ထံမှ လစာတောင်းသလော၊ သင့်ကံကြမ္မာရှင် ပေးသော လစာလခသည် အကောင်းဆုံး ဖြစ်၏။ အရှင်သည် အကောင်းမြတ်ဆုံး ရိက္ခာထောက်သော အရှင်ဖြစ်၏။ |
| ၇၃။ | وَإِنَّكَ لَتَدْعُوهُمْ إِلَى صِرَاطٍ مُّسْتَقِيمٍ۞<br>ကေန်ပင် သင်သည် သူတို့အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ဖိတ်ခေါ်နေ၏။ |
| ၇၄။ | وَإِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ عَنِ الصِّرَاطِ لَنَاكِبُونَ۞<br>ကေန်ပင် နောင်ဘဝအား မယုံကြည်သော သူတို့သည် လမ်းစဉ်မှန်မှ လျှော်ထွက်ကြကုန်၏။ |
| ၇၅။ | وَلَوْ رَحِمْنَاهُمْ وَكَشَفْنَا مَا بِهِم مِّن ضُرٍّ لَّلَجُّوا فِي طُغْيَانِهِمْ يَعْمَهُونَ۞<br>ငါသည် သူတို့အား ကရုဏာသက်ငြားသော်လည်း၊ သူတို့အား ရှိနေသော ဥပါဒ်မှ ဖြေဖျောက်ပေးသော်လည်း၊ သူတို့သည် အကန်းလမ်းပျောက် မိစ္ဆာတရားသို့ တိုးဇွတ်လျှက် ရှိကြ၏။ |
| ၇၆။ | وَلَقَدْ أَخَذْنَاهُم بِالْعَذَابِ فَمَا اسْتَكَانُوا لِرَبِّهِمْ وَمَا يَتَضَرَّعُونَ۞<br>သူတို့အား ဝဋ်ကြွေးဒဏ်ဖြင့် မုချ သိမ်းယူတော်မူပြီ၊ သို့သော် သူတို့သည် သူတို့ကံကြမ္မာရှင်အတွက် နှိမ့်ချခြင်း မရှိ ဂါရဝတရားလည်း မရှိကြသည်မှာ– |
| ၇၇။ | حَتَّى إِذَا فَتَحْنَا عَلَيْهِم بَابًا ذَا عَذَابٍ شَدِيدٍ إِذَا هُمْ فِيهِ مُبْلِسُونَ۞ |

(၇၆၁) ဤမှ အမှောင် ဆိုသည်မှာ ရှိရင်းစွဲ ဆရာစဉ်ဝါဒ မိရိုးဖလာ အမှောင်ကို ဆိုလိုခြင်း ဖြစ်သည်။

| | |
|---|---|
| | ငါသည် သူတို့အတွက် ပြတ်သားသော ဝဋ်ကြွေးဒုက္ခ တံခါးကို ဖွင့်သည့်တိုင် ဖြစ်၏။ ထိုအခါ၊ ယင်း၌ ရှေးရှုံးစွဲများ အတိုင်း ဖြစ်ရ၏။ |
| ၇၈။ | **وَهُوَ الَّذِي أَنشَأَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْئِدَةَ قَلِيلًا مَّا تَشْكُرُونَ**۞<br>အရှင်သည် သင်တို့အတွက် ကြားခြင်း မြင်ခြင်း ခံစားတတ်ခြင်းကို ဖွံ့ထွားစေ၏။ အနည်းစုသည်သာ ကျေးဇူးတရားကို သိတတ်၏။[၇၄၂] |
| ၇၉။ | **وَهُوَ الَّذِي ذَرَأَكُمْ فِي الْأَرْضِ وَإِلَيْهِ تُحْشَرُونَ**۞<br>အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပြန့်နှံ့စေသော အရှင် ဖြစ်၏။ ထို့နောက် အရှင့်ထံသို့သာ စုရုံးစေမည်ပင်။ |
| ၈၀။ | **وَهُوَ الَّذِي يُحْيِي وَيُمِيتُ وَلَهُ اخْتِلَافُ اللَّيْلِ وَالنَّهَارِ أَفَلَا تَعْقِلُونَ**۞<br>အရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသောအရှင် ဖြစ်၏၊ ညနှင့်နေ့ကို ကွဲပြားစေတော်မူ၏၊ အတွေးအခေါ် မရှိကြသလော။ |
| ၈၁။ | **بَلْ قَالُوا مِثْلَ مَا قَالَ الْأَوَّلُونَ**۞<br>အမှန်မှာ– သူတို့သည် ရှေးဦးလူတို့ ပြောဆိုသကဲ့သို့သာ ပြောဆိုကြကုန်၏။ |
| ၈၂။ | **قَالُوا أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَئِنَّا لَمَبْعُوثُونَ**۞<br>သူတို့ ပြောကြသည်မှာ "ကျွန်ုပ်တို့သည် အနိစ္စရောက်ပြီးသောအခါ၊ မြေမှုန့်နှင့် အရိုးများ ဖြစ်ပြီးနောက်၊ ကျွန်ုပ်တို့အား နိုးထစေဦးမည်လော– |
| ၈၃။ | **لَقَدْ وُعِدْنَا نَحْنُ وَآبَاؤُنَا هَذَا مِن قَبْلُ إِنْ هَذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ**۞<br>ကျွန်ုပ်တို့နှင့် မိဘဘိုးဘွားတို့အား ပေးသောကတိသည် ရှေးယခင်လူများ အတိုင်း ဖြစ်၏။ ကေန်ပင် ဤသည်မှာ ရှေးဟောင်း ဒဏ္ဍာရီမျှသာတည်း၊" ဟု ဖြစ်၏။ |
| ၈၄။ | **قُل لِّمَنِ الْأَرْضُ وَمَن فِيهَا إِن كُنتُمْ تَعْلَمُونَ**۞<br>"သင်တို့ သိကြလျှင်၊ မဟာပထဝီမြေနှင့် ထို၌ရှိရာကို မည်သူပိုင်စိုးသနည်း၊" ဟု မေးလော့။ |
| ၈၅။ | **سَيَقُولُونَ لِلَّهِ قُلْ أَفَلَا تَذَكَّرُونَ**۞<br>"ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊" ဟု ပြောကြလိမ့်မည်။ "သို့ဖြစ်လျှင် သတိတရား ရှိကြမည်လော၊" ဟု မေးလော့။ |
| ၈၆။<br>☆<br>၂း၂၉ | **قُلْ مَن رَّبُّ السَّمَاوَاتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِيمِ**۞<br>"ကောင်းကင်ယံ ခုနစ်ဆက်၏☆ ကံကြမ္မာရှင်၊ ကြီးကျယ်သော ထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်သည် မည်သူနည်း၊" ဟု မေးဦးလော့။ |
| ၈၇။ | **سَيَقُولُونَ لِلَّهِ قُلْ أَفَلَا تَتَّقُونَ**۞ |

(၇၄၂) ဆရာတော်ကြီး အချို့က **နား၊ မျက်လုံး၊ နှလုံးများကို ဖန်ဆင်းပေး၏** ဟု ပြန်ဆိုကြပေသည်။ ဤသုတ်တော်၌ ဖန်ဆင်းခြင်း၊ ဖြစ်တည်ပေးခြင်း ဟု အနက်ကိုပေးသည် **ခလာ့က်**ကို သုံးထားခြင်း မဟုတ်ပေ။ ဖွံ့ဖြိုးကြီးထွားခြင်း၊ (အပင်များ) ပေါက်ရောက်ခြင်းကို သုံးသည့် **အန်ရှာအ်** ကို သုံးခြင်း ဖြစ်၍၊ ဤဘာသာပြန်၌ **ဖွံ့ထွားစေသည်** ဟု ပြန်ဆိုခြင်း ဖြစ်သည်။ လူသားသည် **ဉာဏ်စဉ်** ကို ရရှိသည်၊ ၃၂း၉။ ထို့ကြောင့် အခြားသော သတ္တဝါများထက် ပို၍ ထူးခြားသော ဂုဏ်ထူး ဝိသေသ ပိုင်ရှင် ဖြစ်သည်။ သို့သော် ထိုသို့ မိမိပိုင်ဆိုင်သော **ဉာဏ်စဉ်** ကို အသုံး မပြုက နားရှိလျှက် ကြားနာနိုင်စွမ်းမရှိ၊ မျက်လုံးရှိလျှက် ရှုမြင်နိုင်စွမ်း မရှိ၊ နှလုံးသားရှိလျှက် ခံစားနားလည်မှု မရှိသော တိရိစ္ဆာန် ကဲ့သို့သာ ဖြစ်၏။ ဟု ကျမ်းတော်၏ ၇း၁၇၉ တွင် အတိအကျ ဆိုထားပေသည်။ တနည်းအားဖြင့် ထိုသို့သော လူသားများသည် နှာဖါးကြိုး ထိုးခံထားရသည့် လူသားသာ ဖြစ်ပေသည်။ ကျမ်းတော်သည် လူသားအား ထိုဘဝမှ လွတ်မြောက်စေရန် အမြဲလမ်းပြ သွန်သင်လျှက် ရှိပေသည်။

| | |
|---|---|
| | ''ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ပင်၊''ဟု ပြောကြလတ္တံ့။''သို့ဖြစ်လျှင် စည်းမစောင့်ကြတုံလော၊''ဟု မေးလော့။ |
| ၈၈။ | قُلْ مَن بِيَدِهِ مَلَكُوتُ كُلِّ شَيْءٍ وَهُوَ يُجِيرُ وَلَا يُجَارُ عَلَيْهِ إِن كُنتُمْ تَعْلَمُونَ ۞<br>''သင်တို့ သိကြလျှင်၊ ခပ်သိမ်းကုန်၏ အပေါ်၌ ဩဇာအာဏာသည် မည်သူ၏ လုပ်ပိုင်ခွင့်၌ ရှိသနည်း၊ အရှင်သည် စောင့်ရှောက်ထား၏၊ အရှင့်သည် စောင့်ရှောက်ခံ မဟုတ်ချေ၊''ဟု ဆိုလော့၊ |
| ၈၉။ | سَيَقُولُونَ لِلَّهِ قُلْ فَأَنَّى تُسْحَرُونَ ۞<br>''ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌၊''ဟု ပြောကြလတ္တံ့၊ ''သို့ဖြစ်က ဘာကြောင့် မှိုင်းမိခံနေကြသနည်း၊''ဟု ဆိုလော့။ |
| ၉၀။ | بَلْ أَتَيْنَاهُم بِالْحَقِّ وَإِنَّهُمْ لَكَاذِبُونَ ۞<br>အမှန်မှာ ငါသည် သူတို့အား ပရမတ္ထသစ္စာကို ပေးအပ်ခဲ့ပြီ။ သူတို့သည်ကား ငြင်းဆန်သူများ ဖြစ်ကြ၏။ |
| ၉၁။<br>★<br>၂း၁၁၆ | مَا اتَّخَذَ اللَّهُ مِن وَلَدٍ وَمَا كَانَ مَعَهُ مِنْ إِلَهٍ إِذًا لَّذَهَبَ كُلُّ إِلَهٍ بِمَا خَلَقَ وَلَعَلَا بَعْضُهُمْ عَلَى بَعْضٍ سُبْحَانَ اللَّهِ عَمَّا يَصِفُونَ ۞<br>ပရမတ်ဘုရားရှင်သည် ကိုယ်ပွား ထားခြင်း မရှိပြီ။★ အရှင်နှင့်အတူ အခြား ဘုရားဟု မရှိချေ။ ရှိခဲ့လျှင် ထိုဘုရား ကိုယ်စီသည် မိမိ ဖြစ်တည်ပေးသော အရာများကို သုတ်ငင်နိုင်လတ္တံ့၊ သို့မဟုတ် အချို့သည် အချို့ထက် ရာထူးမြင့်လေလတ္တံ့၊ တုနှိုင်းမဲ့သော ပရမတ်ဘုရားရှင်သည် ၎င်းတို့ အမာခံရပ်တည်သည်များနှင့် ကင်းသန့်ပေ၏။ |
| ၉၂။ | عَالِمِ الْغَيْبِ وَالشَّهَادَةِ فَتَعَالَى عَمَّا يُشْرِكُونَ ۞<br>အရှင်သည် စက္ခုလွန်နှင့် မျက်မှောက်ရှိသည်များကို သိနေတော်မူ၏၊ မြင့်မြတ်တော်မူ၏။ ရောပြွန်းကိုးကွယ်ရာများမှ ကင်းသန့်တော်မူ၏။ |
| ၉၃။ | قُل رَّبِّ إِمَّا تُرِيَنِّي مَا يُوعَدُونَ ۞<br>ဆုတောင်းလော့ ''အို ကံကြမ္မာရှင် ထားရှိသော ကတိတော်ကို တပည့်တော်အား ပြသတော်မူပါ၊– |
| ၉၄။ | رَبِّ فَلَا تَجْعَلْنِي فِي الْقَوْمِ الظَّالِمِينَ ۞<br>အို ကံကြမ္မာရှင် တပည့်တော်အား အဓိဇ္ဇာကောင်များမှဖြစ်ရန် စီမံတော်မမူပါလင့်။'' |
| ၉၅။ | وَإِنَّا عَلَى أَن نُّرِيَكَ مَا نَعِدُهُمْ لَقَادِرُونَ ۞<br>ကေန်ပင် ငါသည် သူတို့အပေါ် ထားသော ငါ၏ ကတိတော်ကို သင့်အားပြသရန် စည်းချိန်ပြဋ္ဌာန်းနိုင်၏။ |
| ၉၆။ | ادْفَعْ بِالَّتِي هِيَ أَحْسَنُ السَّيِّئَةَ نَحْنُ أَعْلَمُ بِمَا يَصِفُونَ ۞<br>သူတို့၏ အကုသိုလ်မှုကို ကောင်းမှုအားဖြင့် တော်လှန်လော့၊ ငါအရှင်သည် သူတို့၏ အမာခံရပ်တည်မှုကို သိနေတော်မူ၏။ |
| ၉၇။<br>☆<br>၂း၁၄ | وَقُل رَّبِّ أَعُوذُ بِكَ مِنْ هَمَزَاتِ الشَّيَاطِينِ ۞<br>ဆုတောင်းလော့၊ ''အို ကံကြမ္မာရှင် တပည့်တော်သည် မကောင်းဆိုးဝါးတို့၏☆ လှည့်ဖျားခြင်းမှ ကင်းရန် အရှင့်ထံ၌ ခိုလှုံပါ၏။ |
| ၉၈။ | وَأَعُوذُ بِكَ رَبِّ أَن يَحْضُرُونِ ۞<br>–အရှင့်ထံ၌ ခိုလှုံပါ၏၊ အို ကံကြမ္မာရှင်၊ ၎င်းတို့အား တပည့်တော်ထံသို့ မနီးစပ်စေပါနှင့်။'' |
| ၉၉။ | حَتَّى إِذَا جَاءَ أَحَدَهُمُ الْمَوْتُ قَالَ رَبِّ ارْجِعُونِ ۞ |

| | |
|---|---|
| | သူတို့မှ တစ်စုံတစ်ယောက်ထံသို့ အနိစ္စတရား ဆိုက်ရောက်သည့်တိုင် ဖြစ်၏။ ထိုအခါ သူက ဆုတောင်းသည်မှာ "အို ကံကြမ္မာရှင် တပည့်တော်အား ဦးလှည့်ပြန်ပို့ပေးပါ– |
| ၁၀၀။ | **لَعَلِّي أَعْمَلُ صَالِحًا فِيمَا تَرَكْتُ كَلَّا إِنَّهَا كَلِمَةٌ هُوَ قَائِلُهَا وَمِن وَرَائِهِم بَرْزَخٌ إِلَى يَوْمِ يُبْعَثُونَ۞** <br> တပည့်တော် ချန်ထားခဲ့သည်များကို ပြုပြင်ပြောင်းလဲ ကောင်းမှုပြုပါမည်၊"ဟု ဖြစ်၏။ အမှန်မှာ ဤသည် သူ၏အပြော သူ့စကားသာ ဖြစ်၏၊ သူတို့ရှေ့၌ ရှင်ပြန်နိုးထရမည့် နေ့ကာလတိုင် ရင်ဆိုင်ဖြေရှင်းစရာ ရှိနေ၏။ |
| ၁၀၁။ <br> ☆ <br> ၆း၇၃ <br> ၁၈း၉၉ | **فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ يَوْمَئِذٍ وَلَا يَتَسَاءلُونَ۞** <br> ပုံစံများအား အသက်သွင်းသော အခါ၊☆ ထိုနေ့ကာလ၌ သူတို့၏ကြားတွင် အမျိုးတော်စပ်ခြင်း၊ မေးမြန်းပြောဆိုခြင်းများ မရှိရစေပြီ။ |
| ၁၀၂။ | **فَمَن ثَقُلَتْ مَوَازِينُهُ فَأُوْلَئِكَ هُمُ الْمُفْلِحُونَ۞** <br> ချိန်ခွင်လျှာ အလေးစီးသောသူ၊ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။ |
| ၁၀၃။ | **وَمَنْ خَفَّتْ مَوَازِينُهُ فَأُوْلَئِكَ الَّذِينَ خَسِرُوا أَنفُسَهُمْ فِي جَهَنَّمَ خَالِدُونَ۞** <br> ချိန်ခွင်လျှာ အလေးပေ့ါသောသူ၊ ထိုသုတို့သည် ဆုံးရှုံးရသူများ ဖြစ်ကြ၏။ သူတို့၏ ဉာဉ်စရိုက်အား ငရဲဘုံ၌ ကာလမဲ့ ခံစားစေမည်ပင်။ |
| ၁၀၄။ | **تَلْفَحُ وُجُوهَهُمُ النَّارُ وَهُمْ فِيهَا كَالِحُونَ۞** <br> အပူမီးသည် သူတို့၏ မျက်နှာများကို မြိုက်လျှက်၊ ထိုသူတို့သည် ထိုအထဲ၌ ကြီးစွာခံစားနေရ၏။ |
| ၁၀၅။ | **أَلَمْ تَكُنْ آيَاتِي تُتْلَى عَلَيْكُمْ فَكُنتُم بِهَا تُكَذِّبُونَ۞** <br> သင်တို့ထံသို့ ငါ၏ သုတ်ဒေသနာများကို မရွတ်ဖတ်ပြလေသလော၊ သင်တို့သည်ကား ၎င်းကို ငြင်းဆန်ခဲ့ကြ၏။ |
| ၁၀၆။ | **قَالُوا رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَالِّينَ۞** <br> သူတို့က ဆိုကြသည်မှာ "အို ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ဆိုးကျိုးသည် တပည့်တော်တို့အား ဖုံးလွှမ်းပါပြီ၊ တပည့်တော်တို့သည်ကား အပါယ်လမ်း၌ ရှိခဲ့သော လူမျိုး ဖြစ်ပါ၏။ |
| ၁၀၇။ | **رَبَّنَا أَخْرِجْنَا مِنْهَا فَإِنْ عُدْنَا فَإِنَّا ظَالِمُونَ۞** <br> အို ကံကြမ္မာရှင် တပည့်တော်တို့အား ဤမှ ကယ်နှုတ်တော်မူပါ၊ တပည့်တော်တို့ လမ်းဟောင်းသို့ပြန်ခဲ့လျှင် ဧကန်ပင် အမိုက်ကောင်များ ဖြစ်ရပေမည်၊"ဟု ဖြစ်၏။ |
| ၁၀၈။ | **قَالَ اخْسَؤُوا فِيهَا وَلَا تُكَلِّمُونِ۞** <br> အရှင်က "ထို၌ ခရီးဆက်လော့၊ လျှောက်လွှဲချက် မပေးကြလင့်၊"ဟု မိန့်ဆို၏။ |
| ၁၀၉။ | **إِنَّهُ كَانَ فَرِيقٌ مِّنْ عِبَادِي يَقُولُونَ رَبَّنَا آمَنَّا فَاغْفِرْ لَنَا وَارْحَمْنَا وَأَنتَ خَيْرُ الرَّاحِمِينَ۞** <br> ငါ့၏ အမှုတော်ဆောင်များမှ အုပ်စုတစ်စုက ပြောဆိုသည်မှာ "အို ကံကြမ္မာရှင်၊ တပည့်တော်တို့သည် ယုံကြည်ပါ၏၊ ထို့ကြောင့် တပည့်တော်တို့အား လွှတ်ငြိမ်းစေ၍၊ ကရုဏာသက်တော်မူပါ၊ အရှင်သည် အကောင်းမြတ်ဆုံးသော ကရုဏာရှင် ဖြစ်တော်မူပါ၏၊"ဟု ဖြစ်၏။ |
| ၁၁၀။ <br> ယုံ <br> ကြည် <br> သူ | **فَاتَّخَذْتُمُوهُمْ سِخْرِيًّا حَتَّى أَنسَوْكُمْ ذِكْرِي وَكُنتُم مِّنْهُمْ تَضْحَكُونَ۞** <br> သို့သော် သင်တို့သည် **သူ**တို့အား သိမ်းသွင်း ပြောင်လှောင်နေခြင်းဖြင့် ငါ့အား သတိရရန် မေ့လျော့နေသည်ထိ ဖြစ်ခဲ့၏၊ သင်တို့သည် **သူ**တို့မှ ရယ်မောစရာကိုသာရှာ၏။ |

| | |
|---|---|
| ၁၁၁။ | إِنِّي جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوا أَنَّهُمْ هُمُ الْفَائِزُونَ ۝<br>ငါသည် သူတို့၏ ခန္တီပါရမီအတွက် ဤနေ့၌ အကျိုးဆုပေးတော်မူပြီ၊ သူတို့သည် အောင်ဆုဆွတ်ခူးသူများ ဖြစ်ကြ၏။ |
| ၁၁၂။ | قَالَ كَمْ لَبِثْتُمْ فِي الْأَرْضِ عَدَدَ سِنِينَ ۝<br>အရှင်က “မြေကမ္ဘာ၌ သင်တို့ မည်မျှ နေခဲ့သနည်း၊ နှစ်မည်မျှကြာခဲ့သနည်း၊”ဟု ဆိုသော်– |
| ၁၁၃။ | قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ فَاسْأَلْ الْعَادِّينَ ۝<br>သူတို့က “တပည့်တော်တို့သည် တစ်နေ့၊ သို့မဟုတ် တစ်နေ့၏ တစ်စိတ်တစ်ပိုင်း နေခဲ့၏၊ စာရင်းတင်ထားသူတို့အား မေးတော်မူပါ၊”ဟု တင်လျှောက်ကြ၏။ |
| ၁၁၄။ | قَالَ إِن لَّبِثْتُمْ إِلَّا قَلِيلًا لَّوْ أَنَّكُمْ كُنتُمْ تَعْلَمُونَ ۝<br>အရှင်က “သင်တို့သည် မပြောစလောက်သာ နေခဲ့ရ၏၊ သင်တို့ သိကြပါလေစ၊”ဟု ဆို၏။ |
| ၁၁၅။ | أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ۝<br>“သင်တို့အား ငါက အကြောင်းမဲ့ ဖြစ်တည်စေခဲ့သည်ဟု၊ သင်တို့သည် ငါ့ထံတော်သို့ ဦးလှည့် မပြန်ရတော့ဟု ထင်မှတ်လေသလော။” |
| ၁၁၆။ | فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ لَا إِلَٰهَ إِلَّا هُوَ رَبُّ الْعَرْشِ الْكَرِيمِ ۝<br>ပရမတ်ဘုရားရှင်သည် မြင့်မြတ်တော်မူ၏၊ ပရမတ္ထ အချုပ်အခြာကို ပိုင်၏၊ ကျက်သရေရှိသော ထပ်ဆင့်ကွပ်ကဲမှု၏ ကံကြမ္မာရှင်– အရှင်မှ အပ အခြားဘုရားဟူ၍ မရှိချေ၊ |
| ၁၁၇။ | وَمَن يَدْعُ مَعَ اللَّهِ إِلَٰهًا آخَرَ لَا بُرْهَانَ لَهُ بِهِ فَإِنَّمَا حِسَابُهُ عِندَ رَبِّهِ إِنَّهُ لَا يُفْلِحُ الْكَافِرُونَ ۝<br>ပရမတ်ဘုရားရှင်နှင့် အတူထား၍ အခြားသော ဘုရားများကို ဆုတောင်းနေသူ၊ ထိုသူအတွက် အထောက်အထား မရှိချေ။ သူ့ကံကြမ္မာရှင်၏ ထံတော်၌ သူ့အား စာရင်းရှင်းလေလတ္တံ့၊ ဖုံးကွယ်မှောင်ချသော သူအတွက် အောင်မြင်မှု မရှိချေ။ |
| ၁၁၈။ | وَقُل رَّبِّ اغْفِرْ وَارْحَمْ وَأَنتَ خَيْرُ الرَّاحِمِينَ ۝<br>“အို ကံကြမ္မာရှင် တပည့်တော်အား လွတ်ငြိမ်းစေတော်မူပါ၊ ကရုဏာသက်တော်မူပါ၊ အရှင်သည် ကောင်းမြတ်ဆုံးသော ကရုဏာတော် အရှင် ဖြစ်ပါ၏၊”ဟု ဆုတောင်းလော့။ |